# ရခိုင်ပြည်နယ်တွင် International Rescue Committee (IRC) က အကောင်ထည်ဖော်ဆောင်ရွက်သည့် တက်လမ်းစီမံချက် ပိတ်သိမ်းမှုအပေါ် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (Livelihoods and Food Security Fund – LIFT)၏ သတင်းထုတ်ပြန်ချက်

၈ရက်၊ ဇန်နဝါရီလ၊ ၂၀၂၀ပြည့်နှစ်

တက်လမ်းစီမံချက်ကို ရခိုင်ပြည်နယ် မြေပုံနှင့် မင်းပြားမြို့နယ်များရှိ ကျေးရွာပေါင်း ၁၀၂ရွာတွင် အသက်မွေးမှုများ သာတူညီမျှ ရှိပြီး ရေရှည်ဖြစ်ထွန်းစေရန်အတွက် ရည်ရွယ်၍ IRCမှ ၂၀၁၃ခုနှစ်တွင် စတင် ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်လုပ်ငန်းများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေး၊ အခြေခံ အဆောက်အဦ၊ ရေလုပ်ငန်း၊ အဟာရကဏ္ဍ၊ ရေ၊ပတ်ဝန်းကျင်နှင့် တကိုယ်ရေသန့်ရှင်းရေး နှင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများပါဝင်ပြီး ရခိုင်ပြည်နယ်ရှိ ပြည်သူပေါင်း ၅၆,၀၀၀ကို အကျိုးဖြစ်ထွန်းစေ ခဲ့သည်။

တက်လမ်းစီမံချက်ကို ဇန်နဝါရီလ ၆ရက်နေ့တွင် ဆိုင်းငံ့ခဲ့ပါသည်။ရခိုင်ပြည်နယ်အစိုးရ၏ ညွှန်ကြားမှုဖြင့် IRC ၏ လုပ်ငန်းများကို ဆိုင်းငံ့ခဲ့ပြီးနောက် တနှစ်ခန့်အကြာတွင် စီမံချက်ကို မူလသတ်မှတ်ထားသည်ထက် တစ်နှစ်စော၍ ဆိုင်းငံ့ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၈ခုနှစ် နိုဝင်ဘာလတွင် IRC မှ ပြည်နယ် အစိုးရထံသို့ ခရီးသွားလာခွင့် လျှောက်ထားစဉ် စာရွက်စာတမ်းအပိုင်းတွင် မရည်ရွယ်ဘဲ ပြုလုပ်ခဲ့သည့် မှားယွင်းမှုတစ်ခုကြောင့် တစ်နှစ်တာ ရပ်နားခဲ့ရခြင်း ဖြစ်ပါသည်။ အဆိုပါ လွဲမှားမှုကို အစိုးရအရာရှိများအား IRC က တင်ပြခဲ့ပြီး နောင်တွင် အလားတူအမှားမျိုးမဖြစ်ပွားစေရန် အတွက် အဖွဲ့အစည်းတွင်း စည်းမျဉ်းစည်းကမ်းများကို ပိုမိုကြပ်မတ်မှုရှိရန် လုပ်ဆောင်ခဲ့သည်။

အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) သည် တက်လမ်းစီမံကိန်းကို ရန်ပုံငွေ အမေရိကန် ဒေါ်လာ ၁၉.၆ သန်းဖြင့် ၂၀၁၃ခုနှစ်တွင် စတင်ပံ့ပိုးခဲ့သည်။ LIFT အလှူရှင်များသည် စီမံချက် လုပ်ငန်းများ ပြန်လည်စတင်နိုင်မည်ဟု မျှော်လင့်လျက် ရုံးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန် အတွက် စီမံချက်ကို အစိုးရမှဆိုင်းငံ့ထားသည့် ကာလအတွင်း ရန်ပုံငွေ ဆက်လက်ပံ့ပိုးပေးခဲ့ပါသည်။ LIFT အလှူရှင်များနှင့် ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးတို့သည် IRC ၏ စီမံချက်လုပ်ငန်းများ ပြန်လည် လုပ်ဆောင်နိုင်ရန် အတွက် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့အား အစည်းအဝေးများ၊ စာများဖြင့် မေတ္တာရပ်ခံ ညှိနှိုင်းပေးခဲ့ပါသည်။ ဒီဇင်ဘာ ၂၀၁၈ မှ ဒီဇင်ဘာ ၂၀၁၉အထိ တစ်နှစ်တာ ကုန်လွန်ခဲ့ပြီးနောက် ရခိုင်ပြည်နယ် ပြည်သူလူထုအတွက် စီမံချက်လုပ်ငန်းများ နှင့် ထိရောက်သော ပံ့ပိုးမှုများ မလုပ်ဆောင်နိုင်တော့သည့်အတွက် IRC အဖွဲ့အစည်းအားလည်းကောင်း၊ တက်လမ်းစီမံချက်အား လည်းကောင်း ရန်ပုံငွေ ပံ့ပိုးနေမှုအား ဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့ကြသည်။

LIFT သည် ၂၀၁၉ခုနှစ် နိုဝင်ဘာလ ၂၆ရက်နေ့တွင် IRC ၏ တက်လမ်း အဆင့် ၂ စီမံချက်ရန်ပုံငွေပံ့ပိုးမှုကို ၂၀၂၀ခုနှစ် ဇန်နဝါရီလ ၆ရက်နေ့တွင် ဆိုင်းငံ့မည်ဖြစ်ကြောင်း စာဖြင့် ဆက်သွယ် အကြောင်းကြားခဲ့သည်။

IRC အနေဖြင့် တက်လမ်းစီမံချက်ဒေသများတွင် စီမံချက်လုပ်ငန်းများ ပြန်လည်စတင်နိုင်ပြီး သွားလာ လုပ်ကိုင်ခွင့် ရရှိသည့်အခါ ရန်ပုံငွေ ပံ့ပိုးမှုအတွက် LIFT ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးမှ ပြန်လည် သုံးသပ်မည် ဖြစ်သည်။

LIFT သည် အလှူရှင်များ စုပေါင်းထည့်ဝင်ထားသည့် ရန်ပုံငွေ ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ နွမ်းပါးသော အိမ်ထောင်စုများ၏ အသက်မွေးမှုများ ရေရှည်ဖြစ်ထွန်းနိုင်ရေး နှင့် ကြံ့ကြံ့ခံနိုင်မှု ပိုမိုအားကောင်းရေးအတွက် ပြည်သူများ၏ စီးပွားဖြစ်ထွန်းနိုင်မှုများ အပြည့်အဝရရှိစေရန် ပံ့ပိုးပေးလျက်ရှိ သည်။ LIFT ၏ အဓိက အလှူရှင်များ နှင့် ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များမှာ ယူနိုက်တက် ကင်းဒမ်း၊ ဥရောပ သမဂ္ဂ၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ အမေရိကန်ပြည်ထောင်စု နှင့် ကနေဒါတို့ ဖြစ်သည်။

*ထပ်မံသိရှိလိုသည်များအတွက်*

ကေတီဝက်ဘ်လေ၊ LIFT ရန်ပုံငွေ ညွှန်ကြားရေးမှူး katyw@unops.org
အမ်မီလီယာ ဟင်န်ကန်၊ LIFT ဆက်သွယ်ပြန်ကြားရေး အရာရှိ emiliah@unops.org